**Media Release**

မေလ (၁၅) ရက် ၂၀၂၀ ခုနှစ်

# တောင်ဥက္ကလာပမြို့နယ်ရှိ ဝင်ငွေနည်းပါးသော မိသားစုများအား စားသောက်ကုန်များ လှူဒါန်းခြင်း။

ရန်ကုန်မြို့၊ မေလ (၁၄) ရက်၊ (၂၀၂၀) ခုနှစ် - CDSG ၏ အဖွဲ့ဝင် ကုမ္ပဏီဖြစ်သော Lluvia limited မှ Premier White Malt, Premier Choco Malt, Happy Caramel, Happy Biscuits နှင့် Wah Lah အသင့်စားခေါက်ဆွဲ တို့ကို တောင်ဥက္ကလာပမြို့နယ်ရှိ ဝင်ငွေနည်းပါးသော မိသားစုများအား လှူဒါန်းခဲ့ပါသည်။

လှူဒါန်းခြင်းကို Capital Diamond Star Foundation မှ ပံ့ပိုးကူညီထားသော တောင်ဥက္ကလာပမြို့နယ် (၄) ရပ်ကွက်ရှိ စေတနာဆေးခန်းတွင် ပြုလုပ်ခဲ့ပြီး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် မိသားစုများမှလက်ခံရယူကာ၊ လှူဒါန်းခြင်းအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ပါသည်။ CDSG နှင့် အဖွဲ့ဝင်ကုမ္ပဏီများမှ ဝန်ထမ်းများ ပူးပေါင်းပါဝင်လှူဒါန်းခဲ့ကြပါသည်။

CDSG FMCG ၏ CEO ဖြစ်သူ Rajinder Grover မှ “ယခုလို COVID-19 ဖြစ်ပွားနေသော အချိန်တွင် ဝင်ငွေနည်းပါးသော မိသားစုများအတွက် စားဝတ်နေရေး အခက်အခဲ အကျပ်အတည်းနှင့် ရင်ဆိုင်နေရမည်ကို ကိုယ်ချင်းစာမိပါသည်။ ထို့ကြောင့် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန်အတွက် ကျွန်တော်တို့ Lluvia Limited ၏ ထုတ်ကုန်များကို လှူဒါန်းခြင်းဖြစ်ပါတယ်။” ဟု ပြောကြားခဲ့ပါသည်။

ယခုကဲ့သို့ ကျန်းမာရေးအကျပ်အတည်း ဆိုက်ရောက်နေသောကာလတွင် CDSG သည် ၎င်း၏ အဖွဲ့ဝင်ကုမ္ပဏီများမှတဆင့် လိုအပ်နေသော နေရာများသို့ ကူညီထောက်ပံ့မှုများ ပြုလုပ်လျက်ရှိပါသည်။ ကျွန်တော်တို့သည် ပြည်သူလူထုအတွက် Covid-19 ကူးစက်ရောဂါကို ကာကွယ်ရန်၊ ရောဂါရှာဖွေစစ်ဆေးရန်နှင့်၊ တုန့်ပြန်ခြင်းများ ပြုလုပ်ရာတွင် လိုအပ်သည်များကို ဆက်လက်ပြီး ထောက်ပံ့ကူညီသွားမည်ဖြစ်ပါသည်။

ကျွန်တော်တို့၏ CDS Foundation မှ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု၊ ကျေးလက်နှင့် မြို့ပြဒေသများ ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အမျိုးမျိုးသော ကူညီထောက်ပံ့ပေးခြင်းဖြင့် ပြည်သူလူထု၏ အကျိုးကိုသယ်ပိုးလျက်ရှိပါသည်။

**Capital Diamond Star Group အကြောင်း၊**

(၁၉၆၀) ခုနှစ်တွင် ကုန်သွယ်ရေးလုပ်ငန်းလေးတစ်ခုအဖြစ် စတင်ခဲ့ပြီး၊ Capital Diamond Star Group (“CDSG”) သည် မြန်မာနိုင်ငံတွင် သိသာထင်ရှားသော စီးပွားရေးလုပ်ငန်းစုများထဲမှ တစ်ခုအပါအဝင်အဖြစ်သို့ တိုးတက်ခဲ့ပါသည်။ CDSG သည် စားသောက်ကုန်လုပ်ငန်း၊ လက်လီရောင်း ချခြင်းလုပ်ငန်း၊ အိမ်ခြံမြေလုပ်ငန်း၊ ကျန်းမာရေးဆိုင်ရာလုပ်ငန်း၊ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ နှင့် e-commerce လုပ်ငန်း စသည့် စီးပွားရေးလုပ်ငန်းများတွင် ဝန်ထမ်းပေါင်း (၉၀၀၀) ကျော် နှင့် မြန်မာနိုင်ငံတွင် ဈေးကွက်ဖြန့်ကျက်မှု (၉၀) ရာခိုင်နှုန်းကျော်ဖြင့် လုပ်ကိုင်ဆောင်ရွက်နေပါသည်။

For more information, please contact:
Kyaw Swar
Corporate Communications and PR Manager
Capital Diamond Star Group
Mobile: +95 9 2532 61559
Email: kyaw.swar@cdsg.com.mm
Website: www.cdsg.com.mm